# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၇/ ၂၀၂၆) ၂၀၂၆ ခုနှစ်၊ မေလ(၁၅) ရက်

| ၁၅- ၅- ၂၀၂၆ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၄၄၅.၂၄ |
| စင်္ကာပူဒေါ်လာ | ၁,၆၄၂.၈၇ |
| စတာလင်ပေါင် | ၂,၈၀၆.၇၆ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၂၅.၆၃ |
| တရုတ်ယွမ် | ၃၀၈.၆၉ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၂၀ |
| အိန္ဒိယရူပီး | ၂၁.၉၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၀.၁၂ |
| မလေးရှား ရင်းဂစ် | ၅၃၁.၆၅ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၀၃ |
| ရုရှားရူဘယ် | ၂၈.၆၁ |
| ထိုင်းဘတ် | ၆၄.၄၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၇ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယအစိုးရက ၂၀၂၆-၂၀၂၇ ရာသီအတွက် ကြံဈေးနှုန်း တိုးမြှင့်သတ်မှတ်

➢ အိန္ဒိယ SEBI မှ စိုက်ပျိုးရေးထွက်ကုန် အရောင်းအဝယ်ကန့်သတ်ချက်များ (Position Limits) ကို နှစ်ဆတိုးမြှင့်ရန် အဆိုပြု

➢ အနောက်ဘင်္ဂလားပြည်နယ်၌ အာလူးနှင့် အခြေခံကုန်စည်များ ပြည်နယ်ပြင်ပသို့ တင်ပို့မှုပိတ်ပင်ချက်ကို ဝန်ကြီးချုပ်သစ် ပယ်ဖျက်

➢ အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင် တင်ပို့မှုကဏ္ဍသစ်ဖွင့်လှစ်

➢ သကြားထွက်ကုန် ၂၀၂၆ ဘဏ္ဍာနှစ်တွင် ၇% တက်လာ၊ သကြားထုတ်လုပ်သူများနှင့် ကုန်သည်များအသင်းမှ မူဝါဒဆိုင်ရာသက်သာခွင့် တောင်းဆို

➢ အာရှဆန်ဈေးကွက် - ဝယ်လိုအားနည်းခြင်းနှင့် ရူပီးငွေတန်ဖိုးကျဆင်းခြင်းကြောင့် အိန္ဒိယဆန်ဈေးနှုန်းများ ကျဆင်း

- **အထွေထွေသတင်းများ**

➢ အနောက်ဘင်္ဂလားတွင် BJP ပါတီ အနိုင်ရရှိနိုင်ခြေက အိန္ဒိယစီးပွားရေးနှင့် စတော့ဈေးကွက်အပေါ် သက်ရောက်လာနိုင်မှု

➢ အိန္ဒိယသည် တရုတ်ရှယ်ယာ ၁၀% ရှိသော ကုမ္ပဏီများအတွက် FDI စည်းမျဉ်းလျှော့ချမှုကို မကြာမီ ကြေညာတော့မည်

➢ အိန္ဒိယနှင့် အာဆီယံတို့အကြား ကုန်သွယ်ရေးသဘောတူညီချက်အား ယခု ၂၀၂၆ နှစ်ကုန်တွင် အဆင့်မြှင့်တင်ရန် အိန္ဒိယဝန်ကြီးချုပ် မိုဒီပြောကြား

- အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semicon- ductor) ထုတ်လုပ်မှုကို တိုးချဲ့ရန်လိုအပ်ကြောင်း ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးအဖွဲ့ SEMI က ပြောကြား

## အိန္ဒိယအစိုးရက ၂၀၂၆-၂၀၂၇ ရာသီအတွက် ကြံဈေးနှုန်း တိုးမြှင့်သတ်မှတ်

အိန္ဒိယအစိုးရအနေဖြင့် လာမည့် ၂၀၂၆-၂၀၂၇ ကြံစိုက်ပျိုးရာသီအတွက် ကြံဈေးနှုန်း FRP (တောင်သူများအတွက် သင့်တင့်မျှတပြီး အကျိုးအမြတ်ဖြစ်ထွန်းစေမည့် အစိုးရသတ်မှတ် အနိမ့်ဆုံးဈေးနှုန်း- Fair and Remunerative Price) ကို တစ်ကွမ်တယ် (Quintal-၁၀၀ ကီလိုဂရမ်) လျှင် ၃၆၅ ရူပီးအဖြစ် သတ်မှတ်ရန် အတည်ပြုလိုက်ကြောင်း သိရှိရသည်။ ဤဈေးနှုန်းသည် သကြားထွက်နှုန်း (Recovery Rate) ၁၀.၂၅ ရာခိုင်နှုန်းအပေါ် အခြေခံ၍ သတ်မှတ်ခြင်းဖြစ်ပြီး ထိုသတ်မှတ်ချက်သည် ဝန်ကြီးချုပ်နရင်ဒရာမိုဒီ ဦးဆောင်သော စီးပွားရေးရာကက်ဘိနက်ကော်မတီ၏ ဆုံးဖြတ်ချက်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် တောင်သူလယ်သမား သာယာရေးဝန်ကြီး၏ ထုတ်ပြန်ကြေညာချက်အရ သိရှိရသည်။

အဆိုပါ သတ်မှတ်ချက်အရ သကြားစက်ရုံများသည် သကြားထွက်နှုန်း ၁၀.၂၅ ရာခိုင်နှုန်းထက် ကျော်လွန်ပါက ပိုထွက်လာသည့် ၀.၁ ရာခိုင်နှုန်းတိုင်းအတွက် တစ်ကွမ်တယ်လျှင် **၃.၅၆ ရူပီး** အပိုဆောင်း (Premium) ပေးချေရမည် ဖြစ်သည်။ အကယ်၍ သကြားထွက်နှုန်းသည် ၁၀.၂၅ ရာခိုင်နှုန်းအောက် လျော့နည်းနေပါကလည်း အထက်ပါနှုန်းထားအတိုင်းပင် တွက်ချက်၍ ကြံဈေးနှုန်း (FRP) ကို လျှော့ချသတ်မှတ်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ သတ်မှတ်ချက်တွင် တောင်သူများ နစ်နာမှုမရှိစေရန်အတွက် အထူးအစီအစဉ် တစ်ရပ်အနေဖြင့် သကြားထွက်နှုန်း ၉.၅ ရာခိုင်နှုန်းအောက် လျော့နည်းသော စက်ရုံများသို့ ကြံပေးသွင်းသည့် တောင်သူများအနေဖြင့် ဈေးနှုန်းလျှော့ချခံရခြင်း ရှိမည်မဟုတ်ဘဲ တစ်ကွမ်တယ်လျှင် အနည်းဆုံး ၃၃၈.၃၀ ရူပီးကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း အစိုးရက ထုတ်ပြန်ထားကြောင်း သိရှိရသည်။

စိုက်ပျိုးရေးနှင့် တောင်သူလယ်သမား သာယာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၆-၂၀၂၇ ကြံစိုက်ပျိုးရာသီအတွက် ကြံတစ်ကွမ်တယ်လျှင် ကုန်ကျစရိတ်မှာ ၁၈၂ ရူပီးခန့် ရှိမည်ဟု ခန့်မှန်း ထားပါသည်။

ယခု အသစ်အတည်ပြုလိုက်သော ကြံဈေးနှုန်း (FRP) ၃၆၅ ရူပီး သည် ပြီးခဲ့သည့် ၂၀၂၅-၂၆ ရာသီက သတ်မှတ်ခဲ့သော ဈေးနှုန်းထက် ၂.၈၁ ရာခိုင်နှုန်း ပိုမိုမြင့်မားလာခြင်း ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ယခုဈေးနှုန်းမှာ စိုက်ပျိုးစရိတ်ထက် နှစ်ဆ (၁၀၀ ရာခိုင်နှုန်း) ခန့် ပိုမိုရရှိနိုင်မည့် အခြေအနေတွင် ရှိနေပါသည်။ အိန္ဒိယနိုင်ငံ၏ သကြားကဏ္ဍသည် ကြံစိုက်တောင်သူနှင့် ၎င်းတို့၏ မိသားစုဝင် စုစုပေါင်း ၅ ကုဋေ (သန်း ၅၀) ခန့်နှင့် တိုက်ရိုက်ဆက်နွယ်နေပြီး သကြားစက်ရုံများနှင့်

Agribusiness & Trade

ဆက်စပ်လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော အလုပ်သမားပေါင်း ၅ သိန်း ခန့်အတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးထားကြောင်း သိရသည်။

ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ကြံဖိုးငွေ ပေးချေမှု အခြေအနေများနှင့် ပတ်သက်၍၂၀၂၄-၂၀၂၅ ကြံစိုက်ပျိုးရာသီအတွက် ပေးချေရန် စုစုပေါင်း ရူပီး ၁,၀၂,၆၈၇ ကုဋေ ရှိသည့်အနက် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့အထိ ရူပီး ၁,၀၂,၂၀၉ ကုဋေကို ပေးချေပြီးဖြစ်ကြောင်း သိရှိရသည်။ လက်ရှိ ၂၀၂၅-၂၀၂၆ ရာသီအတွက်မူ ပေးချေရန် စုစုပေါင်း ရူပီး ၁,၁၂,၇၄၀ ကုဋေရှိရာ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့အထိ ရူပီး ၉၉,၉၆၁ ကုဋေခန့်ကို ပေးချေပြီးဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် ကြံစိုက်ပျိုးစရိတ်ထက် ၁၀၀ ရာခိုင်နှုန်း (နှစ်ဆ) ပိုသော ဈေးနှုန်းကို အာမခံချက်ပေးထားသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံတွင်လည်း တောင်သူများ ကြံစိုက်ပျိုးမှု ရေရှည်တည်တံ့စေရန်အတွက် ကုန်ကျစရိတ်ထက် သိသာထင်ရှားသော အကျိုးအမြတ် (ဥပမာ - အနည်းဆုံး ၅၀ ရာခိုင်နှုန်းနှင့်အထက်) ရရှိနိုင်မည့် အခြေခံအနိမ့်ဆုံးဈေးနှုန်း (Floor Price) တစ်ခု ကို ခိုင်ခိုင်မာမာသတ်မှတ်ပေးရန် လိုအပ်ကြောင်း သုံးသပ်ရရှိပါသည်။ ထို့ပြင် အိန္ဒိယသည် သကြား အပြင် အီသနော(Ethanol) ထုတ်လုပ်မှုကဲ့သို့သော ဘေးထွက်ပစ္စည်းများဖြင့်လည်း စီးပွားရေးကို မြှင့်တင်နေကြောင်းသိရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကြံဈေးနှုန်း မြှင့်တင်ပေးနိုင်ရန် အတွက် သကြားအပြင် အခြားသော **တန်ဖိုးမြှင့်ထုတ်ကုန် (Value-added products)** များ ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် စက်ရုံများ၏ ဝင်ငွေကိုတိုးပွားစေပြီး တောင်သူများကို ဈေးကောင်းပေး နိုင်သည့် အခြေအနေ ဖန်တီးသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဖြူသဲနွယ်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu: India Approves Sugarcane FRP at ₹365 per Quintal for 2026-27

## အိန္ဒိယ SEBI မှ စိုက်ပျိုးရေးထွက်ကုန် အရောင်းအဝယ် ကန့်သတ်ချက်များ (Position Limits) ကို နှစ်ဆတိုးမြှင့်ရန် အဆိုပြု

အိန္ဒိယနိုင်ငံ၏ အာမခံနှင့် ငွေကြေးဈေးကွက် ထိန်းညှိကွပ်ကဲရေးအဖွဲ့ (SEBI) သည် စိုက်ပျိုး ရေးထွက်ကုန်ငွေကြေးစာချုပ်များ (Agricultural Commodity Derivatives) အတွက် တစ်ဦးချင်း လက်ဝယ်ထားရှိနိုင်သည့် စာချုပ်ပမာဏကန့်သတ်ချက် (Position Limits) များကို နှစ်ဆတိုးမြှင့်ရန်

နှင့် စည်းကမ်းဖောက်ဖျက်မှုများအတွက် ဒဏ်ကြေးငွေများကို ပြန်လည်ပြင်ဆင်ရန် ၂၀၂၆ ခုနှစ်၊ မေလပထမအပတ်တွင် အဆိုပြုလိုက်ကြောင်း သိရှိရပါသည်။

Position Limits ဆိုသည်မှာ ဈေးကွက်အတွင်း အဆမတန် ခန့်မှန်းရောင်းဝယ်မှုများနှင့် တစ်ဦးတစ်ယောက်တည်းမှ ဈေးကွက်ကို ချုပ်ကိုင်ထားမှုကို ကာကွယ်ရန် ကုန်သည်တစ်ဦးချင်းစီ အလိုက် လက်ဝယ်ထားရှိနိုင်သည့် စာချုပ်အရေအတွက်ကို ကန့်သတ်ထားခြင်း ဖြစ်ပါသည်။

SEBI ၏ ထုတ်ပြန်ချက်အရ လက်ရှိကန့်သတ်ချက်များကို ၂၀၁၇ ခုနှစ်ကတည်းက သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး၊ ယခုအခါ ဈေးကွက်အတွင်း ပါဝင်သူများနှင့် ထုတ်ကုန်အမျိုးအစားများ သိသိသာသာ ပြောင်းလဲတိုးတက်လာပြီ ဖြစ်သောကြောင့် ကန့်သတ်ချက်များကို တိုးမြှင့်ပေးခြင်းဖြင့် ဈေးကွက်အတွင်း ငွေကြေးစီးဆင်းမှု (Liquidity) ပိုမိုကောင်းမွန်လာစေရန်နှင့် မှန်ကန်သော ဈေးနှုန်းသတ်မှတ်ချက်များ (Price Discovery) ဖြစ်ပေါ်လာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

စိုက်ပျိုးရေးထွက်ကုန်များကို ၎င်းတို့၏ ထောက်ပံ့မှုပမာဏနှင့် ထိခိုက်လွယ်မှုအပေါ် မူတည်၍ အမျိုးအစား သုံးမျိုးခွဲခြားထားကြောင်း သိရှိရပါသည်။ Broad Category (ဈေးကွက်အတွင်း အရောင်းအဝယ်များသော ကုန်စည်များ) အတွက် တင်ပို့/ဖြည့်ဆည်းနိုင်မှု (Deliverable Supply) ၏ ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်း သို့ လည်းကောင်း၊ Narrow Category (ကန့်သတ်ချက်ရှိသော ကုန်စည်များ)အတွက် ၀.၅ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်း သို့လည်းကောင်း၊ Sensitive Category (ထိခိုက်လွယ်သောကုန်စည်များ) အတွက် ၀.၂၅ ရာခိုင်နှုန်းမှ ၀.၅ ရာခိုင်နှုန်းသို့ လည်းကောင်း ကန့်သတ်ချက်များအား တိုးမြှင့်ရန် အဆိုပြုထားကြောင်း သိရှိရပါသည်။ (အစိုးရ၏ ကြားဝင်ဆောင်ရွက်မှု၊ တင်သွင်း/ တင်ပို့မှု ကန့်သတ်ချက်များနှင့် ကုန်စည်သိုလှောင်မှုကန့်သတ်ချက်များ ရှိနိုင်သည့် ကုန်စည်များကို 'ထိခိုက်လွယ်သော ကုန်စည်' အဖြစ် သတ်မှတ်ပါသည်။)

သတ်မှတ်ကန့်သတ်ချက်ထက် ကျော်လွန်၍ အရောင်းအဝယ်ပြုလုပ်သူများအတွက် ဒဏ်ကြေးများကိုလည်း အောက်ပါအတိုင်း ပိုမိုမျှတစေရန် ပြင်ဆင်ထားကြောင်း သိရှိရပါသည်-

- သတ်မှတ်ချက်ထက် ၂ ရာခိုင်နှုန်းအထိ ကျော်လွန်ပါက ဒဏ်ကြေးငွေကို အများဆုံး အိန္ဒိယရူပီး ၁၀,၀၀၀ ထက်မပိုစေရန် ကန့်သတ် (Cap) ထားရှိမည်။
- ၂ ရာခိုင်နှုန်းထက် ကျော်လွန်ပါက ဒဏ်ကြေးကို ပိုမိုတွက်ချက်သွားမည်ဖြစ်သော်လည်း အများဆုံး ရူပီး ၂ သိန်း ထက်မပိုစေရန် သတ်မှတ်မည်။

Agribusiness & Trade

- အကယ်၍ တစ်လအတွင်း ၃ ကြိမ်ထက်မက စည်းကမ်းဖောက်ဖျက်ပါက သက်ဆိုင်ရာ အဖွဲ့ဝင်ကို အရောင်းအဝယ် တစ်ရက်ပိတ်ပင်ခြင်း (Square-off mode) နှင့် ထပ်ဆောင်း ဒဏ်ကြေးများ ချမှတ်သွားမည် ဖြစ်သည်။

ကျွမ်းကျင်သူများကမူ ဤအပြောင်းအလဲများသည် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးကုန်သွယ်မှု ကဏ္ဍကို ပိုမိုနက်ရှိုင်းစေပြီး နိုင်ငံတကာအဆင့်မီ ဈေးကွက်တစ်ခုဖြစ်လာစေရန် တွန်းအားပေးမည့် ခြေလှမ်းတစ်ရပ် ဖြစ်လာနိုင်မည်ဟု ဆွေးနွေးသုံးသပ်ထားကြကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ ဤအပြောင်းအလဲများသည် ၎င်းတို့၏ ပြည်တွင်းကုန်သွယ်မှုကို အားပေးရန် ဖြစ်သော်လည်း၊ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယ၏ **Sensitive Commodities** (ထိခိုက်လွယ်သော ကုန်စည်များ) စာရင်းကို အမြဲမပြတ်စောင့်ကြည့်လေ့လာရန် လိုအပ်မည် ဖြစ်ပါသည်။ အဆိုပါ စာရင်းဝင် ကုန်စည်များသည် အိန္ဒိယအစိုးရ၏ တင်သွင်း/တင်ပို့မှု မူဝါဒအပြောင်းအလဲများနှင့် တိုက်ရိုက်ဆက်စပ်နေသောကြောင့် ဖြစ်ပါသည်။ အိန္ဒိယ၏ ဤမူဝါဒအသစ်သည် မြန်မာ့စိုက်ပျိုးရေး ပို့ကုန်လုပ်ငန်းရှင်များအတွက် အိန္ဒိယဈေးကွက်ကို ပိုမိုကြည်လင်ပြတ်သားစွာ မြင်တွေ့နိုင်စေပြီး၊ စနစ်တကျ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်မည့် အခွင့်အလမ်းကောင်း တစ်ရပ်ဖြစ်လာနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဖြူသဲနွယ်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Business Line: SEBI proposes doubling position limits for agricultural commodity derivatives

## အနောက်ဘင်္ဂလားပြည်နယ်၌ အာလူးနှင့် အခြေခံကုန်စည်များ ပြည်နယ်ပြင်ပသို့ တင်ပို့မှု ပိတ်ပင်ချက်ကို ဝန်ကြီးချုပ်သစ် ပယ်ဖျက်

အနောက်ဘင်္ဂလားပြည်နယ် ဝန်ကြီးချုပ် ရှုဘန်ဒူးအဒီကာရီ က ပြည်နယ်အတွင်းရှိ အာလူး စိုက်တောင်သူများနှင့် ကုန်သည်များ ကာလရှည်ကြာ တောင်းဆိုလာခဲ့သည့်အချက်ကို လိုက်လျော ပြီး ပြည်နယ်ပြင်ပသို့ အာလူးတင်ပို့မှု ပိတ်ပင်ထားခြင်းကို မေလ ၁၄ ရက်နေ့က ပယ်ဖျက်ပေးလိုက် ကြောင်း သိရှိရသည်။ အဆိုပါ ဖြေလျှော့မှုတွင် အာလူးသာမက ကြက်သွန်နီ၊ စားသောက်ကုန်သီးနှံ များ၊ ဆီထွက်သီးနှံများ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့်

အခြားမရှိမဖြစ်လိုအပ်သော ကုန်စည်အားလုံးကို နိုင်ငံတစ်ဝန်း မည်သည့်ဒေသသို့မဆို အဟန့်အတားမရှိ သယ်ယူပို့ဆောင်ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

"ဒီနေ့ကစပြီး ပြည်နယ်အချင်းချင်းနယ်စပ်ဂိတ်တွေမှာ စိုက်ပျိုးရေး ဒါမှမဟုတ် မွေးမြူရေးထွက်ကုန် သယ်ယူပို့ဆောင်မှုကို ဘယ်သူမှ မတားဆီးရဘူး။ နှောင့်ယှက်မှုတွေလည်း မရှိစေရဘူး" ဟု ဝန်ကြီးချုပ် အဒီကာရီက ပြည်နယ်အတွင်းဝန်ရုံး သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ကြောင်း သိရှိရသည်။

ယခင်အစိုးရ၏ ညွှန်ကြားချက်များကြောင့် အအေးခန်းသိုလှောင်ရုံပိုင်ရှင်များအနေဖြင့် အာလူးများသိုလှောင်ရန် စိုးရိမ်ထိတ်လန့်မှုများ ရှိခဲ့ကြောင်း အနောက်ဘင်္ဂလားပြည်နယ် အအေးခန်းသိုလှောင်ရုံလုပ်ငန်းရှင်များအသင်း (West Bengal Cold Storage Association) ဥက္ကဋ္ဌ Subhajit Saha က ပြောကြားခဲ့ကြောင်း သိရှိရသည်။ ၂၀၂၄ ခုနှစ်၌ အစိုးရချမှတ်ခဲ့သော အမိန့်ကြောင့် တောင်သူများ များစွာဆုံးရှုံးနစ်နာခဲ့ရကြောင်း၊ အဆိုပါအမိန့်အပေါ် ကြောက်ရွံ့မှုများကြောင့် ၂၀၂၅ နဲ့ ၂၀၂၆ ခုနှစ်များတွင် အသင်း၏အအေးခန်းများ၌ အာလူးတွေ သိုလှောင်တာမျိုး မလုပ်ခဲ့ရကြောင်း၊ ထို့ကြောင့် အာလူးအထွက်နှုန်း အများစုအနေဖြင့် စိုက်ခင်းများထဲ၌ပင် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရှိရသည်။

လက်ရှိတွင် ပြည်နယ်အတွင်း အာလူးတန်ချိန် တစ်သန်းခန့် လက်ကျန်ရှိနေပြီး ၎င်းတို့ကို အခြားပြည်နယ်များသို့ တင်ပို့ရမည်ဖြစ်ကြောင်း အသင်းက ဆက်လက်ပြောကြားခဲ့သည်။ "ဒီနှစ်မှာ တောင်သူတိုင်းဟာ ချေးနဲ့စာတွေရင်းပြီး စိုက်ပျိုးခဲ့ပေမဲ့ ဘဏ္ဍာရေးအရ ဆုံးရှုံးမှုတွေနဲ့ပဲ ရင်ဆိုင်ခဲ့ရပါတယ်။ ဒီအကျိုးဆက်တွေကို မကြာသေးမီက ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲရလဒ်တွေမှာ မြင်တွေ့ခဲ့ရပြီးဖြစ်ပါတယ်" ဟု ၎င်းက ထည့်သွင်းပြောဆိုခဲ့သည်။

ထို့ပြင်လက်ရှိအခြေအနေကို ဖြေရှင်းနိုင်မည့် လမ်းပြမြေပုံ (Roadmap) ရေးဆွဲအတည်ပြုရန်အတွက် ကော်လ်ကတ္တားမြို့ရှိ Khadya Bhawan ၌ အရေးကြီးသော အစည်းအဝေးတစ်ခု ကျင်းပဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

အနောက်ဘင်္ဂလားပြည်နယ်သည် အိန္ဒိယတွင် အာလူးဒုတိယအများဆုံး စိုက်ပျိုးသည့် ပြည်နယ်ဖြစ်ပါသည်။ ယခုကဲ့သို့ ပြည်နယ်အချင်းချင်း လွတ်လပ်စွာ တင်ပို့ခွင့်ပြုလိုက်ခြင်းကြောင့် အိန္ဒိယပြည်တွင်းဈေးကွက်တွင် အာလူးနှင့် အခြေခံသီးနှံများ ပေါများလာပြီး ဈေးနှုန်းကျဆင်းနိုင်ပါသည်။ ယင်းအချက်သည် အိန္ဒိယသို့ အာလူး သို့မဟုတ် အလားတူသီးနှံများ တင်ပို့ရန် ကြိုးပမ်းနေသည့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍအတွက် ယှဉ်ပြိုင်မှုပိုမိုပြင်းထန်လာစေမည့် အချက်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

Agribusiness & Trade

အနောက်ဘင်္ဂလားပြည်နယ်တွင် အာလူးတန်ချိန် တစ်သန်းခန့် ပိုလျှံနေခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုပြုရန် သို့မဟုတ် အအေးခန်းသိုလှောင်မှုစနစ် (Cold Storage) ဆိုင်ရာ စိန်ခေါ်မှုများနှင့် ဖြေရှင်းနည်းများကို လေ့လာဖလှယ်ရန် အခွင့်အလမ်းများ ရှိလာနိုင်ပါသည်။ အထူးသဖြင့် အိန္ဒိယရှိ ကုန်သည်ကြီးများအသင်းများနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေးထွက်ကုန် ကုန်သွယ်မှု ကဏ္ဍသစ်များကို ဖော်ဆောင်နိုင်ပါကြောင်း သုံးသပ်အကြံပြု တင်ပြအပ်ပါသည်။

ဖြူသဲနွယ်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Sources: NDTV: Suvendu Adhikari Lifts Bengal's Inter-State Potato Export Ban

……………………………………………………………………………………………

## အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင် တင်ပို့မှု ကဏ္ဍသစ်ဖွင့်လှစ်

အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင် တင်ပို့မှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ် (FY25) အတွင်း အမေရိကန်ဒေါ်လာ ၄.၇၂ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၆ ရာခိုင်နှုန်း တိုးတက်ကာ စံချိန်တင် မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ကမ္ဘာ့ဈေးကွက်အတွင်း ဇီယာ၊ နနွင်း၊ ဟင်းခတ်အမွှေးအကြိုင်ဆီများနှင့် ငရုတ်ကောင်းတို့အပေါ် ဝယ်လိုအားမြင့်မားလာခြင်းက ယခုကဲ့သို့ တင်ပို့မှုမြင့်တက်လာစေသည့် အဓိကတွန်းအား ဖြစ်ခဲ့ပါသည်။

အိန္ဒိယ၏ အကြီးမားဆုံး ဟင်းခတ်အမွှေးအကြိုင် ပို့ကုန်ဖြစ်သည့် ငရုတ်သီးတင်ပို့မှုသည် ဈေးနှုန်းအတက်အကျ ပြုပြင်ပြောင်းလဲမှုများကြောင့် တင်ပို့မှုတန်ဖိုးမှာ ၁၁ ရာခိုင်နှုန်းလျော့နည်းကာ ဒေါ်လာ ၁.၃၄ ဘီလီယံသာ ရှိခဲ့ကြောင်း သိရပါသည်။ သို့သော်လည်း တင်ပို့မှုပမာဏမှာမူ တန်ချိန် ၇.၁၅ သိန်း (၁၉ ရာခိုင်နှုန်းနီးပါး) အထိ ခုန်တက်သွားပြီး ၎င်းကိန်းဂဏန်းသည် ငရုတ်သီးအပေါ် ကမ္ဘာ့ဝယ်လိုအား ဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း ပြသနေပါသည်။ ဒုတိယအကြီးဆုံး ပို့ကုန်ဖြစ်သည့် ဇီယာသည် တန်ဖိုးအားဖြင့် ၅ ရာခိုင်နှုန်း တိုးတက်ကာ ဒေါ်လာ ၇၃၂.၃၅ သန်း ရှိခဲ့ပြီး၊ တင်ပို့မှုပမာဏမှာ ၆.၁၇ သိန်းတန် (၆ ရာခိုင်နှုန်းကျော်) တိုးတက်လာခဲ့ပါသည်။

နနွင်းတင်ပို့မှုသည် တင်ပို့သည့် ပမာဏ ပိုမိုများပြားလာခြင်းကြောင့် တန်ဖိုးအားဖြင့် ၅၁ ရာခိုင်နှုန်းအထိ အံ့အားသင့်ဖွယ် ခုန်တက်ခဲ့ပြီး ဒေါ်လာ ၃၄၁ သန်းအထိ ရောက်ရှိခဲ့သည်။ ထို့အတူ ဟင်းခတ်အမွှေးအကြိုင်ဆီနှင့် အဆီအနှစ်များ (Oleoresins) တင်ပို့မှုသည်လည်း တန်ဖိုးအားဖြင့် ၈ ရာခိုင်နှုန်းနှင့် ပမာဏအားဖြင့် ၁၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ ဒေါ်လာ ၅၃၅.၉၂ သန်း ရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ ဟင်းခတ်အမွှေးအကြိုင် ကဏ္ဍတွင် အပြုသဘောဆောင်သည့် တိုးတက်မှုများ ရရှိနေခြင်းသည် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များအပေါ် နိုင်ငံတကာ၏ ယုံကြည်မှုကို ဖော်ပြနေခြင်းဖြစ်ကြောင်း စီးပွားရေးလေ့လာသူများက သုံးသပ်ထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ဟင်းခတ်အမွှေးအကြိုင် ထုတ်လုပ်သူနှင့် တင်ပို့သူအဖြစ် ခိုင်မာစွာ ရပ်တည်လျက်ရှိပြီး၊ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ပို့ကုန်တန်ဖိုးကို အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ လည်းကောင်း၊ ၂၀၄၇ ခုနှစ်တွင် ဒေါ်လာ ၂၅ ဘီလီယံအထိ လည်းကောင်း တိုးမြှင့်ရန် ရည်မှန်းချက်ထားရှိကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ ပို့ကုန်ကဏ္ဍတိုးတက်လာခြင်းသည် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးအခြေခံ စီးပွားရေးလုပ်ငန်းများ ခိုင်မာအားကောင်းမှုကို ပြသနေပြီး၊ ကမ္ဘာ့ဈေးကွက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည့် အလားအလာကောင်းများကို ဖော်ညွှန်းနေပါသည်။ ကုန်ကြမ်း ပို့ကုန်များအပြင် တန်ဖိုးမြှင့်ထုတ်ကုန်များကိုပါ တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် အဆိုပါ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင်လည်း အရည်အသွေးမြင့် နနွင်း၊ ရေတတ်သီးနှင့် ချင်း (ဂျင်း) တို့ကို အမြောက်အမြား စိုက်ပျိုးထုတ်လုပ်နိုင်သည့် မြေဆီလွှာနှင့် ရာသီဥတု ရှိပါသည်။ အိန္ဒိယ၏ ဈေးကွက်ချဲ့ထွင်ပုံကို နမူနာယူ၍ မြန်မာ့ဟင်းခတ်အမွှေးအကြိုင်များကို နိုင်ငံတကာစံနှုန်း (GAP/GMP) များအတိုင်း မြှင့်တင်နိုင်ပါက အိမ်နီးချင်း အိန္ဒိယဈေးကွက်သို့ပင် ပြန်လည်တင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကုန်ကြမ်းသက်သက် တင်ပို့ခြင်းထက် အမှုန့်ပြုလုပ်ခြင်း၊ အဆီထုတ်ယူခြင်းနှင့် စနစ်တကျထုပ်ပိုးခြင်း (Packaging) တို့ဖြင့် တန်ဖိုးမြှင့်ကုန်ချော ပြုလုပ်တင်ပို့ပါက ပိုမိုအကျိုးအမြတ်ရှိလာနိုင်မည် ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံသည် ၎င်းတို့ကိုယ်တိုင် ပို့ကုန်တိုးမြှင့်နေသကဲ့သို့ ပြည်တွင်းစားသုံးမှုအတွက်လည်း မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များကို လိုအပ်ချက်ရှိနေသဖြင့် နှစ်နိုင်ငံ ကုန်သွယ်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်သင့်ကြောင်း သုံးသပ်အကြံပြုတင်ပြအပ်ပါသည်။

ဖြူသဲနွယ်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Economic Time: India’s spice exports hit a new high of $4.72 billion in FY25 on strong demand

………………………………………………………………………………………………...

Agribusiness & Trade

## သကြားထွက်ကုန် ၂၀၂၆ ဘဏ္ဍာနှစ်တွင် ၇% တက်လာ၊ သကြားထုတ်လုပ်သူများနှင့် ကုန်သည်များအသင်းမှ မူဝါဒဆိုင်ရာ သက်သာခွင့် တောင်းဆို

အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုသည် ၂၀၂၅-၂၀၂၆ ဈေးကွက်ရာသီတွင် ၇.၃၂ ရာခိုင်နှုန်း တိုးတက်ကာ သန်းပေါင်း ၂၇.၅၂ တန် သို့ ရောက်ရှိလာကြောင်း လုပ်ငန်းအဖွဲ့အစည်း အိန္ဒိယ သကြားထုတ်လုပ်သူများနှင့်ကုန်သည်များအသင်း (ISMA) မှ ထုတ်ပြန်ကြေညာခဲ့သည်။ ဤတိုး တက်မှုသည် အဓိကအားဖြင့် မဟာရာရှတြာပြည်နယ်နှင့် ကာနာတကာပြည်နယ်တို့တွင် သကြား ထုတ်လုပ်မှု မြင့်တက်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ ယခင်နှစ် တူညီသောကာလ (ဧပြီလ ၃၀ ရက်အထိ) တွင် သကြားထုတ်လုပ်မှုသည် သန်းပေါင်း ၂၅.၆၄ တန် သာရှိခဲ့သည်။ သကြားဈေး ကွက်ရာသီသည် အောက်တိုဘာလမှ စက်တင်ဘာလအထိ ဖြစ်သည်။

ISMA အသင်း၏ ထုတ်ပြန်ချက်အရ နိုင်ငံ၏ သကြားအများဆုံး ထုတ်လုပ်သောပြည်နယ်ဖြစ် သည့် မဟာရာရှတြာတွင် ထုတ်လုပ်မှုသည် သန်းပေါင်း ၈.၀၉ တန် မှ သန်းပေါင်း ၉.၉၂ တန် သို့ တက်လာခဲ့ပြီး ကာနာတကာ ပြည်နယ်တွင်လည်း ထုတ်လုပ်မှုသည် သန်းပေါင်း ၄.၀၄ တန်မှ သန်း ပေါင်း ၄.၈၀ တန်သို့ တိုးတက်လာခဲ့ကြောင်း သိရသည်။ သို့သော် ဥတ္တရပြည်နယ်တွင်မူ သကြား ထုတ်လုပ်မှုသည် ယခင်နှစ်က သန်းပေါင်း ၉.၂၄ တန်မှ သန်းပေါင်း ၈.၉၆ တန်သို့ ကျဆင်းသွားခဲ့ ကြောင်း သိရသည်။ ISMA မှ ခန့်မှန်းချက်အရ အီသနောသို့ လွှဲပြောင်းသုံးစွဲမှုအပြီး ၂၀၂၅-၂၆ ဈေး ကွက်ရာသီတစ်ခုလုံး၏ စုစုပေါင်း သကြားထုတ်လုပ်မှုသည် သန်းပေါင်း ၂၉.၃ တန် ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး၊ ၎င်းသည် ၂၀၂၄-၂၅ ခုနှစ်တွင် မှတ်တမ်းတင်ခဲ့သော သန်းပေါင်း ၂၆.၁၂ တန်ထက် သိသိသာသာ တိုးတက်နေကြောင်း သိရသည်။

သို့သော် စက်ရုံများ၏ ကြိတ်ခွဲမှုလုပ်ငန်းသည် သိသိသာသာကျဆင်းလာပြီး ယခုအချိန်တွင် စက်ရုံ ၅ ရုံသာ လည်ပတ်နေကြောင်း သိရသည်။ ယခင်နှစ် တူညီသောကာလတွင် ၁၉ ရုံ လည်ပတ် နေခဲ့သည်နှင့် နှိုင်းယှဉ်လျှင် များစွာလျော့နည်းသွားသည်။ ဥတ္တရပြည်နယ်၊ မဟာရာရှတြာနှင့် ကာနာတကာပြည်နယ်များရှိ သကြားစက်ရုံအားလုံးသည် အဓိကရာသီအတွက် ပိတ်သိမ်းပြီးဖြစ် ကြောင်း သိရသည်။ သို့သော် ကာနာတကာရှိ စက်ရုံအချို့သည် ၂၀၂၆ ခုနှစ် ဇွန်-ဇူလိုင်လတွင် အထူး ရာသီတစ်ခုအနေဖြင့် ထပ်မံလည်ပတ်မည်ဟု ISMA မှ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ တမီလ်နာ ဒူးပြည်နယ်ရှိ သကြားစက်ရုံများသည်လည်း အထူးရာသီတလျှောက် ဆက်လက်လည်ပတ်မည်ဖြစ် သည်။ ကာနာတကာနှင့် တမီလ်နာဒူးပြည်နယ်နှစ်ခုပေါင်းသည် ယခင်ကတည်းက ထိုကာလအတွင်း တန်ချိန် ၅၀၀,၀၀၀ (သိန်း ၅ ပေါင်း) ခန့် ထုတ်လုပ်လေ့ရှိကြောင်း သမိုင်းကြောင်းအရ သိရသည်။

Agribusiness & Trade

ရာသီကုန်ဆုံးလာသည်နှင့်အမျှ လုပ်ငန်းကဏ္ဍမှ သကြား၏ အနိမ့်ဆုံး ရောင်းချနိုင်သောဈေးနှုန်း (MSP - Minimum Selling Price) ကို အစောဆုံး ပြန်လည်သတ်မှတ်ပေးရန် တောင်းဆိုလျက်ရှိသည်။ တောင်းဆိုရခြင်း၏ အကြောင်းရင်းများမှာ- ထုတ်လုပ်မှုကုန်ကျစရိတ် တိုးမြင့်လာခြင်း၊ စက်ရုံမှထွက်သော သကြားရောင်းရငွေ နည်းပါးသွားခြင်းကြောင့် စက်ရုံများ၏ ငွေသားစီးဆင်းမှုပေါ် ဖိအားဖြစ်ပေါ်နေခြင်း၊ သကြားတဆေး တောင်သူများထံ ငွေပေးချေမှု နောက်ကျမှုများ ပိုမိုများပြားလာ စေခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

မဟာရာရှတြာ ပြည်နယ်တစ်ခုတည်းတွင်ပင် သကြားတဆေး ငွေပေးချေမှု နောက်ကျမှုသည် ဧပြီလ အလယ်ပိုင်းအထိ ရူပီး ကုဋေ ၂,၁၃၀ ရှိနေပြီး၊ ယခင်နှစ် တူညီသောကာလတွင် ရူပီး ကုဋေ ၇၅၂ သာရှိခဲ့သည်နှင့် နှိုင်းယှဉ်လျှင် သုံးဆနီးပါး မြင့်တက်သွားခဲ့သည်။ ထို့အပြင် လုပ်ငန်းကဏ္ဍမှ အစိုးရထံ ဖော်ပြပါ တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ လက်ရှိ E20 အစီအစဉ်ထက်ကျော်လွန်၍ E25 နှင့် E85/E100 ကဲ့သို့သော အဆင့်မြင့် အရောစပ်မှုပမာဏများဆီသို့ အီသနောရောစပ်မှုပန်းတိုင်များကို အချိန်စောစော တိုးမြှင့်ပေးရန်၊ Flex-fuel ယာဉ်များ ပိုမိုမြန်ဆန်စွာ ထုတ်လုပ်ဖြန့်ချိပေးရန်၊ ကုန်နှင့် ဝန်ဆောင်မှုအခွန် (GST) နှုန်းထားများ ချိန်ညှိပေးရန်၊ တို့ဖြစ်သည်။

ISMA မှ အီသနော ဝယ်ယူဈေးနှုန်း နောက်ကျမှုကြောင့် တည်ဆောက်ထားသော စွမ်းအားများ အပြည့်အဝ အသုံးမချနိုင်ဘဲ ဖြစ်နေသည်ဟု သတိပေးထားပြီး၊ ဈေးနှုန်းပြန်လည် သတ်မှတ်မှုကို အမြန်ဆောင်ရွက်ပေးခြင်းသည် စွမ်းအားအသုံးချနိုင်မှု တိုးတက်စေရန်နှင့် ရင်းနှီးမြှုပ်နှံသူများအတွက် မူဝါဒဆိုင်ရာ သေချာမှုပေးရန်တို့အတွက် မရှိမဖြစ် လိုအပ်ကြောင်း ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ၂၀၂၅-၂၆ သကြားဈေးကွက်ရာသီတွင် ထုတ်လုပ်မှု ၇.၃၂ ရာခိုင်နှုန်း တိုးတက်ကာ သန်းပေါင်း ၂၉.၃ တန်အထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်မှာ နှစ်တိုင်း စနစ်တကျ စီမံခန့်ခွဲထားသော ရလဒ်တစ်ခုဖြစ်သည်။ မဟာရာရှတြာနှင့် ကာနာတကာပြည်နယ်များမှ ထုတ်လုပ်မှုမြင့်တက်ခြင်းသည် ဒေသဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်ကို အမြင့်ဆုံးရောက်အောင် အာရုံစိုက်မှုကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံ၏ မြေသြဇာကောင်းသော သကြားတဆေးစိုက်ပျိုးနိုင်သော ဒေသများဖြစ်သည့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက် အထူးအာရုံစိုက်သော ထုတ်လုပ်မှုမူဝါဒချမှတ်ခြင်းဖြင့် ထုတ်လုပ်မှုပမာဏ တိုးမြှင့်နိုင်ရေး စီမံချက် ချမှတ်သင့်ပါကြောင်း သုံးသပ်အကြံပြု တင်ပြအပ်ပါသည်။

အိန္ဒိယ၏ အတွေ့အကြုံများထဲမှ အရေးကြီးသောသင်ခန်းစာတစ်ခုမှာ အနိမ့်ဆုံးရောင်းချနိုင်သောဈေးနှုန်း (MSP) မူဝါဒနှင့် ပတ်သက်သည့် ကိစ္စဖြစ်သည်။ MSP ကို အချိန်မီ ပြန်လည်သတ်မှတ်ပေးရန် နှောင့်နှေးလိုက်သည့်အခါ မဟာရာရှတြာတွင် တောင်သူများထံ ငွေပေးချေမှုနောက်ကျ

Agribusiness & Trade

မှုသည် ရူပီးကုဋေ ၇၅၂ မှ ကုဋေ ၂,၁၃၀ အထိ သုံးဆနီးပါးကျော် မြင့်တက်သွားသည်ကို တွေ့ရသည်။ ဤအတွေ့အကြုံသည် သကြားဝယ်ယူဈေးနှုန်းကို ကုန်ကျစရိတ်နှင့် ချိန်ညှိ၍ အချိန်မီ ပြန်လည်သုံးသပ်သတ်မှတ်ပေးရေး မူဝါဒရေးဆွဲရာတွင် အရေးပါသောသင်ခန်းစာဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ သကြားစက်ရုံများသည်လည်း နည်းပညာနောက်ကျမှုနှင့် ရင်းနှီးမြှုပ်နှံမှုအားနည်းမှုတို့ကြောင့် တည်ဆောက်ထားသော စွမ်းအားများ အပြည့်အဝထုတ်လုပ်နိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူများအား မူဝါဒဆိုင်ရာ သေချာမှုပေးကာ ခေတ်မီနည်းပညာများ ထည့်သွင်းအသုံးပြုနိုင်ရေးအတွက် ဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှုဘောင်တစ်ခု ရေးဆွဲသတ်မှတ်ပေးရန်လိုအပ်ပါကြောင်း သုံးသပ်အကြံပြု တင်ပြအပ်ပါသည်။

ဖြူသဲနွယ်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Sources: The Business Standard: Sugar output rises 7% so far in FY26; ISMA presses for policy relief

## အာရှဆန်ဈေးကွက် - ဝယ်လိုအားနည်းခြင်းနှင့် ရူပီးငွေတန်ဖိုး ကျဆင်းခြင်းကြောင့် အိန္ဒိယဆန်ဈေးနှုန်းများ ကျဆင်း

ယခုတစ်ပတ်အတွင်း ဝယ်လိုအားနည်းပါးခြင်းနှင့် အိန္ဒိယရူပီးငွေတန်ဖိုး စံချိန်တင်ကျဆင်းသွားခြင်းတို့ကြောင့် အိန္ဒိယဆန်တင်ပို့မှုဈေးနှုန်းများ ကျဆင်းခဲ့ပြီး၊ တစ်ချိန်တည်းမှာပင် အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးရေလျှံမှုအန္တရာယ်များကြောင့် နွေစပါးရိတ်သိမ်းမှုကို ခြိမ်းခြောက်လျက်ရှိသည်။

အိန္ဒိယ၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ပေါင်းဆန်ဈေးသည် ပြီးခဲ့သည့်အပတ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၄ - ၃၅၀ ရှိရာမှ ယခုအပတ်တွင် အမေရိကန်ဒေါ်လာ ၃၃၇-၃၄၄ အထိ အနီးစပ်ဆုံး ဈေးနှုန်းသတ်မှတ်ထားရှိခဲ့သော်လည်း အမှန်တကယ်ရရှိခဲ့သည့် ပေါင်းဆန်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၆ - ၃၄၀ အတွင်း ဈေးရရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

"သင်္ဘောတင်ခများ မြင့်မားနေခြင်းကြောင့် အာဖရိကနိုင်ငံများဆီက ဝယ်လိုအားသည် အားနည်းနေဆဲဖြစ်ပါကြောင်း၊ အိန္ဒိယ ကုန်သည်များသည် ဝယ်ယူသူများကို ဆွဲဆောင်ရန်အတွက် ရူပီးငွေတန်ဖိုးကျဆင်းမှုကို ထည့်သွင်းတွက်ချက်ပြီး ဈေးနှုန်းများ လျှော့ချနေကြကြောင်း" ကောလ်ကတ္တားအခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့ပါသည်။

အိန္ဒိယရူပီးငွေသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၉၅.၃၃ ရူပီးအထိ စံချိန်တင်ကျဆင်းသွားခဲ့ရာ၊ ယင်းသည် ပြည်ပသို့ ဆန်တင်ပို့ရောင်းချသူများအတွက် အကျိုးအမြတ် ပိုမိုရရှိစေပါသည်။

တစ်ချိန်တည်းမှာပင် မုတ်သုံမတိုင်မီ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အိန္ဒိယနိုင်ငံဘက်မှ စီးဆင်းလာသော ရေစီးကြောင်းများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အရှေ့မြောက်ပိုင်းရှိ မြစ်ရေများ မြင့်တက်လာပြီး နွေစပါးရိတ်သိမ်းချိန်တွင် ရေကြီးမှုအန္တရာယ် ပိုမိုမြင့်မားလာကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့ပါသည်။ အဆိုပါရေဘေးအန္တရာယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်စျေးနှုန်းများ မြင့်တက်နေချိန်နှင့် တိုက်ဆိုင်နေပြီး သန်းနှင့်ချီသော ပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေကြောင်း ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံ၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်စျေးသည် ပြီးခဲ့သည့်အပတ်က အမေရိကန် ဒေါ်လာ ၃၉၀ - ၃၉၅ ရှိရာမှ ယခုအပတ်တွင် အမေရိကန်ဒေါ်လာ ၃၉၀-၄၀၀ ဒေါ်လာအထိ အနည်းငယ်မြင့်တက်လာသည်။

ထိုင်းဆန်အတွက် ဝယ်လိုအားမှာ ငြိမ်သက်နေပြီး မလေးရှားကဲ့သို့သော အာရှစျေးကွက်များဆီမှ အော်ဒါများရရှိနေသည်ဟု ကုန်သည်များက ပြောကြားထားပါသည်။ လာမည့်အပတ်များအတွင်း အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများက ဝယ်လိုအားထပ်မံထွက်ပေါ်လာနိုင်သည်ဟု ဘန်ကောက်အခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားခဲ့ပါသည်။ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များ မြင့်မားလာခြင်းကြောင့် ဆန်စျေးနှုန်းများမှာ လက်ရှိအဆင့်တွင်သာ ဆက်ရှိနေနိုင်သည် (သို့မဟုတ်) ပိုမိုမြင့်တက်လာနိုင်သည်ဟု ၎င်းက ပြောကြားထားပါသည်။

ကုန်ကျစရိတ်များ မြင့်မားလာခြင်းကြောင့် လယ်သမားများမှာ စပါးစိုက်ပျိုးမှု လျှော့နည်းလာနိုင်ပြီး ကာလလတ်တွင် ဆန်လက်ကျန် နည်းပါးသွားနိုင်သည်ဟု အခြားကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

Source: Asia Rice: Muted demand, weak rupee push India prices lower: The Economic Times: May 02 2026

.....................................................................................................................................

## အနောက်ဘင်္ဂလားတွင် BJP ပါတီ အနိုင်ရရှိနိုင်ခြေက အိန္ဒိယစီးပွားရေးနှင့် စတော့ဈေးကွက်အပေါ် သက်ရောက်လာနိုင်မှု

အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်နရင်ဒြာမိုဒီ ဦးဆောင်သော Bharatiya Janata Party (BJP) အနိုင်ရရှိမည့် အရိပ်အယောင်များကြောင့် အိန္ဒိယစတော့ဈေးကွက်တက်ရိပ်ပြနေပြီး နိုင်ငံ၏စီးပွားရေးအပေါ် ကောင်းကျိုးများ သက်ရောက်နိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်နေကြကြောင်း သိရှိရသည်။

စီးပွားရေးအပေါ် သက်ရောက်မှုအနေဖြင့် စီးပွားရေးပညာရှင် Sunil Singhania က အနောက်ဘင်္ဂလားတွင် အစိုးရအပြောင်းအလဲဖြစ်ပေါ်ပါက အိန္ဒိယနိုင်ငံ၏ စုစုပေါင်းပြည်တွင်း ထုတ်ကုန် (GDP) ကို **၀.၅ ရာခိုင်နှုန်း (50 bps)** ခန့် ထပ်မံတိုးတက်စေနိုင်ကြောင်း ခန့်မှန်းထားသည်။ အကြောင်းမှာ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့ မူဝါဒချင်း တူညီသွားခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာနိုင်ပြီး စီးပွားရေးလုပ်ငန်းများ ပိုမိုသွက်လက်လာနိုင်ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

ရှယ်ယာဈေးကွက်တွင်လည်း မဲရေတွက်မှု အစောပိုင်းရလဒ်များအရ BJP ပါတီ အသာရနေခြင်းကြောင့် Sensex အညွှန်းကိန်းသည် ၁.၃ ရာခိုင်နှုန်း (၉၉၇ မှတ်ကျော်) နှင့် Nifty အညွှန်းကိန်းသည် ၁.၂ ရာခိုင်နှုန်း (၂၉၂ မှတ်ကျော်) အသီးသီးမြင့်တက်ခဲ့သည်။ ထို့ပြင် အနောက်ဘင်္ဂလားတွင် ဆိုင်ခွဲပေါင်း ၂၅၀ ကျော်ရှိသည့် **Baazar Style Retail** ကဲ့သို့ လုပ်ငန်းများ၏ ရှယ်ယာဈေးနှုန်းမှာ ၈ ရာခိုင်နှုန်းအထိ ထိုးတက်သွားခဲ့သည်။ BJP ပါတီ၏ လူမှုဖူလုံရေးကူညီမှု အစီအစဉ်များကြောင့် ပြည်သူများ သုံးစွဲနိုင်မှုအားကောင်းလာမည်ဟု မျှော်လင့်ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

သို့သော် စီးပွားရေးကျွမ်းကျင်သူများကမူ ဈေးကွက်တုံ့ပြန်မှုမှာ ခေတ္တသက်သက်သာ ဖြစ်နိုင်ကြောင်း သတိပေးကြသည်။ VK Vijayakumar က "ယနေ့ ဈေးကွက်လှုပ်ရှားမှုသည် ဘင်္ဂလားနယ်မြေရလဒ်ကြောင့် လွန်လွန်ကဲကဲ သက်ရောက်နေပုံရသည်။ သို့သော် ဤသည်မှာ အလွန်တိုတောင်းသော သက်ရောက်မှုသာ ဖြစ်မည်" ဟု ပြောကြားထားသည်။

အနောက်ဘင်္ဂလားပြည်နယ်တွင် လက်ရှိအာဏာရ Mamata Banerjee ၏ အစိုးရနေရာကို ရယူနိုင်ရေး BJP ပါတီက ကြိုးပမ်းနေခြင်းဖြစ်သည်။ ဤရွေးကောက်ပွဲရလဒ်သည် ၂၀၂၉ ခုနှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် BJP ပါတီအပေါ် လူထုထောက်ခံမှု မည်မျှရှိသည်ကို ပြသသည့် အရေးကြီးသော အညွှန်းကိန်းတစ်ခုလည်း ဖြစ်ကြောင်းသိရသည်။

Agribusiness & Trade

BJP ပါတီ အနောက်ဘင်္ဂလားတွင် အနိုင်ရပါက မူဝါဒများ ပိုမိုညီညွတ်လာမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံသူများက အကောင်းမြင်နေကြသော်လည်း ဈေးကွက်အတက်အကျကို ဆက်လက်စောင့်ကြည့်ရန် လိုအပ်နေသေးကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဖြူသဲနွယ်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Economic Time: Election impact on stock market explained: What likely BJP win in West Bengal means for investors

## အိန္ဒိယသည် တရုတ်ရှယ်ယာ ၁၀% ရှိသော ကုမ္ပဏီများအတွက် FDI စည်းမျဉ်းလျှော့ချမှု ကို မကြာမီ ကြေညာတော့မည်

တရုတ်ကုမ္ပဏီများတွင် ၁၀ ရာခိုင်နှုန်းအထိ ရှယ်ယာပိုင်ဆိုင်မှုရှိသော နိုင်ငံတကာ ကုမ္ပဏီများအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စည်းမျဉ်းများကို လျှော့ချပေးရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို FEMA ဥပဒေ (Foreign Exchange Management Act ) အောက်တွင် မကြာမီ တရားဝင်ကြေညာမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ တရားဝင်ကြေညာချက် (notification) ထွက်ပြီးမှသာ ၎င်း FDI စည်းမျဉ်းသစ်များ တရားဝင် အသက်ဝင်လာမည် ဖြစ်ကြောင်း သိရသည်။

မတ်လတွင် သမဂ္ဂကက်ဘိနက်အဖွဲ့သည် ၂၀၂၀ ခုနှစ်၏ သတင်းစာမှတ်စု အမှတ် ၃ (Press Note 3) တွင် ပြင်ဆင်ချက်များကို အတည်ပြုခဲ့သည်။ ယင်းပြင်ဆင်ချက်အရ- တရုတ်ရှယ်ယာပိုင်ဆိုင်မှု ၁၀ ရာခိုင်နှုန်းအထိသာရှိသော နိုင်ငံခြားကုမ္ပဏီများသည် ကဏ္ဍအားလုံးတွင် အလိုအလျောက်လမ်းကြောင်း (Automatic Route) ဖြင့် အိန္ဒိယတွင် ရင်းနှီးမြှုပ်နှံခွင့် ရရှိမည်ဖြစ်သည်။ သို့သော်လည်း ဖြေလျှော့ပေးထားသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စည်းမျဉ်းများသည် တရုတ်/ဟောင်ကောင် သို့မဟုတ် အိန္ဒိယနိုင်ငံနှင့် ကုန်းတွင်းနယ်နိမိတ်ချင်းထိစပ်နေသောအခြားနိုင်ငံများတွင်မှတ်ပုံတင်ထားသည့် လုပ်ငန်းအဖွဲ့အစည်းများနှင့် သက်ဆိုင်မည်မဟုတ်ကြောင်း သိရှိရသည်။

အစိုးရသည် အရင်းအနှီးကုန်စည်များ (Capital goods) ထုတ်လုပ်မှု၊ အီလက်ထရွန်နစ် အရင်းအနှီးကုန်စည်များ၊ အီလက်ထရွန်နစ် အစိတ်အပိုင်းများ၊ Polysilicon နှင့် Ingot-wafer ထုတ်လုပ်မှုကဏ္ဍများ အပါအဝင် Cabinet Secretary ဦးဆောင်သော အတွင်းဝန်များကော်မတီမှ

ထပ်မံဖြည့်စွက်မည့် မည်သည့်ကဏ္ဍ/လုပ်ငန်း အမျိုးအစားများတွင်မဆို FDI ရင်းနှီးမြှုပ်နှံရန် တင်ပြလာမှုများကို ရက်ပေါင်း ၆၀ အတွင်း စိစစ်ဆောင်ရွက်ပေးရန် ဆုံးဖြတ်ထားကြောင်း သိရှိရသည်။ စက်မှုလုပ်ငန်းနှင့် ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန (DPIIT) က ဤပြောင်းလဲမှုများကို အကြောင်းကြားစာ ထုတ်ပြန်ခဲ့သော်လည်း၊ စီးပွားရေးရာဦးစီးဌာန (DEA)ကမူ လက်ရှိအချိန်ထိ ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။

စီးပွားရေးရာဦးစီးဌာန (DEA) အနေဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုအက်ဥပဒေ (FEMA) အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်ဖြစ်ပါသည်။ ၎င်းကို အမြန်ဆုံး ထုတ်ပြန်သွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သေချာစွာ ညှိနှိုင်းပြင်ဆင်ရန် (Fine-tuning) လိုအပ်ပါသည်" ဟု DPIIT တွဲဖက်အတွင်းဝန် Jai Prakash Shivahare က သတင်းထောက်များကို ပြောကြားခဲ့ကြောင်း သိရှိရသည်။ လျှောက်ထားမှုများကို ရက်ပေါင်း ၆၀ အတွင်း စိစစ်ဆောင်ရွက်ပေးမည့် ကဏ္ဍခွဲများ (Sub-sectors) ကို သတ်မှတ်နိုင်ရန် ဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပြန်လည်ရင်းနှီးမြှုပ်နှံထားသည့် အမြတ်ငွေများ အပါအဝင် စုစုပေါင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ပမာဏသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဖေဖော်ဝါရီလအထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၈၈.၂၉ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း Shivahare က ပြောကြားခဲ့သည်။ ၂၀၂၄-၂၅ ခုနှစ်တွင် အဆိုပါပမာဏမှာ အမေရိကန်ဒေါ်လာ ၈၀.၆၁ ဘီလီယံ ရှိခဲ့ကြောင်း သိရှိရသည်။ နိုင်ငံအတွင်းသို့ အသားတင် ဝင်ရောက်လာသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Net FDI) သည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ် တစ်နှစ်စာလုံးတွင် အမေရိကန်ဒေါ်လာ ၉၅၉ သန်းသာ ရှိခဲ့ရာမှ၊ ၂၀၂၅-၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ကာလအတွင်း၌ အမေရိကန်ဒေါ်လာ ၆.၂၆ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

အမျိုးသားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရေး အေဂျင်စီဖြစ်သည့် Invest India သည် ၂၀၂၅-၂၆ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၆.၁ ဘီလီယံကျော် တန်ဖိုးရှိသော စီမံကိန်းပေါင်း ၆၀ ကို လက်တွေ့အကောင်အထည်ဖော်နိုင်အောင် (Grounding) ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများသည် ပြည်နယ်ပေါင်း ၁၄ ခုတွင် ပျံ့နှံ့တည်ရှိပြီး အလားအလာရှိသော အလုပ်အကိုင်ပေါင်း ၃၁,၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဟု ခန့်မှန်းရကြောင်းနှင့် လက်တွေ့အကောင်အထည်ဖော်သည့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး၏ ၄၂ ရာခိုင်နှုန်းခန့်မှာ ဥရောပနိုင်ငံများမှ လာခြင်းဖြစ်ကြောင်း သိရှိရသည်။

Agribusiness & Trade

အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် အခြားသော အဓိကရင်းနှီးမြှုပ်နှံသည့်ဈေးကွက်များမှ ဆက်လက်ပါဝင်လာခြင်းသည် အိန္ဒိယ၏ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် ကုန်ထုတ်လုပ်မှုစွမ်းရည်များအပေါ် နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်မှုရှိကြောင်းကို ထင်ဟပ်စေသည်။ ထို့အပြင် ဘရာဇီး၊ နယူးဇီလန်နှင့် ကနေဒါကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုအသစ် ဝင်ရောက်လာသည့် နိုင်ငံများကလည်း အိန္ဒိယ၏ ရင်းနှီးမြှုပ်နှံမှုအခြေခံ ပိုမိုစုံလင်လာကြောင်းကို ပြသနေပါသည်။

အိန္ဒိယသည် ၎င်းနှင့် နယ်နိမိတ်ချင်း ထိစပ်နေသောနိုင်ငံများထက် အနောက်နိုင်ငံများ (ဥရောပ၊ အမေရိကန်) နှင့် အာရှ၏ အခြားအဓိကနိုင်ငံများ (ဂျပန်၊ ကိုရီးယား) ထံမှ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဦးစားပေးနေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနှင့် ကုန်သွယ်ရေးတွင် ယင်းနိုင်ငံများ၏ Supply Chain (ထောက်ပံ့မှုကွင်းဆက်) ထဲ၌ ပါဝင်နိုင်ရန် ကြိုးစားသင့်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယ၏ ကုန်ထုတ်လုပ်မှု အရှိန်အဟုန်အတွက် လိုအပ်သောကုန်ကြမ်းများ (Raw Materials) နှင့် စိုက်ပျိုးရေးထွက်ကုန်များကို ပိုမိုတင်ပို့နိုင်မည့် အလားအလာရှိပါသည်။ အထူးသဖြင့် အိန္ဒိယတွင် အီလက်ထရွန်နစ်နှင့် နည်းပညာကဏ္ဍ တိုးတက်လာသည်နှင့်အမျှ ယင်းနှင့် ဆက်စပ်သည့် အစိတ်အပိုင်းငယ်များ ထုတ်လုပ်မှု (Light Manufacturing) အတွက် မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်သူ ဖြစ်လာနိုင်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဖြူသဲနွယ်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Business Standard: India to soon notify eased FDI norms for firms with 10% China stake

## အိန္ဒိယနှင့် အာဆီယံတို့အကြား ကုန်သွယ်ရေးသဘောတူညီချက်အား ယခု ၂၀၂၆ နှစ်ကုန်တွင် အဆင့်မြှင့်တင်ရန် အိန္ဒိယဝန်ကြီးချုပ် မိုဒီပြောကြား

အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) တို့အကြား ကုန်သွယ်ရေးသဘောတူညီချက်ကိုယခုနှစ်ကုန်တွင်အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်းဝန်ကြီးချုပ် နာရင်ဒြာမိုဒီက ပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါ သဘောတူညီချက်ကို ၂၀၀၉ ခုနှစ်၊ ယူပီအေ (UPA) အစိုးရ လက်ထက်တွင် စတင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး၊ ကုန်သွယ်ရေးလိုငွေ သိသိသာသာ

မြင့်တက်လာမှုများကြောင့် နှစ်ဖက်ကုန်သွယ်ဖက်များကြား ၂၀၂၄ ခုနှစ်တွင် ပြန်လည်ညှိနှိုင်းမှုများ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်သမ္မတ တိုလမ်နှင့်အတူ ပြုလုပ်သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ် မိုဒီက "အိန္ဒိယနဲ့ ဗီယက်နမ်ကြား နှစ်နိုင်ငံကုန်သွယ်မှုဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း နှစ်ဆတိုးလာပြီး ဒေါ်လာ ၁၆ ဘီလီယံအထိ ရောက်ရှိလာခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။ ထို့အပြင် နှစ်နိုင်ငံကုန်သွယ်မှုကို ၂၀၃၀ ပြည့်နှစ်တွင် ဒေါ်လာ ၂၅ ဘီလီယံအထိ ရောက်ရှိစေမည့် အရေးကြီးဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်ဟု ပြောကြားခဲ့ကြောင်းလည်း သိရှိရသည်။

အဆိုပါ အိန္ဒိယ-အာဆီယံ ကုန်သွယ်ရေး ပြန်လည်သုံးသပ်မှုသည် အိန္ဒိယနိုင်ငံ စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာနမှ လုပ်ဆောင်နေသည့် ညှိနှိုင်းမှုများအနက် စိန်ခေါ်မှုအရှိဆုံး ကိစ္စရပ်ဖြစ်နေကြောင်း သိရသည်။ လက်ရှိသဘောတူညီချက်များအရ အာဆီယံနိုင်ငံများအနေဖြင့် အိန္ဒိယနှင့် ကုန်သွယ်မှုတွင် အားသာချက်ပိုမိုရရှိနေကြောင်း သိရှိရပြီး အိန္ဒိယနိုင်ငံ၏ အာဆီယံဒေသနှင့် ကုန်သွယ်မှုလိုငွေမှာ ၂၀၁၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၈ ဘီလီယံရှိခဲ့ရာမှ ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၄၅ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။ အိန္ဒိယ စီးပွားရေးဝန်ဆောင်မှု (IES) ၏ သုတေသနစာတမ်းတွင် ဖော်ပြချက်များအရ ၁၉၉၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း အာဆီယံ ၁၀ နိုင်ငံနှင့် ကုန်သွယ်မှုပုံစံကို လေ့လာရာတွင် သွင်းကုန်များ တိုးတက်လာကြောင်း တွေ့ရှိရသော်လည်း ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ပို့ကုန်များ ကျဆင်းသွားကြောင်းနှင့် ရလဒ်အနေဖြင့် အာဆီယံနိုင်ငံအားလုံးနှင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ထို့ကြောင့် ဝန်ကြီးချုပ် မိုဒီအနေဖြင့် ကုန်သွယ်ရေး ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရပြီး အရေးကြီးသော သတ္တုတွင်းထွက်များ၊ မြေရှားသတ္တုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု အစပျိုးမှုများမှတစ်ဆင့် အိန္ဒိယနှင့်ဗီယက်နမ်တို့အကြား နှစ်နိုင်ငံ စီးပွားရေးလုံခြုံမှုနှင့် ထောက်ပံ့ရေးကွင်းဆက်ကြံ့ခိုင်မှုကို အာမခံပေးနိုင်မည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ဆေးဝါးထိန်းကျောင်းကြပ်မတ်ရေးအဖွဲ့များအကြား နားလည်မှုစာချွန်လွှာ (MOU) သည် ဗီယက်နမ်နိုင်ငံသို့ အိန္ဒိယဆေးဝါးများ ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရှိရသည်။ ထို့အပြင် အိန္ဒိယနှင့် ဗီယက်နမ်တို့အကြား ဘဏ္ဍာရေးဆိုင်ရာ ချိတ်ဆက်မှုများကို မြှင့်တင်နိုင်ရေးအတွက် အိန္ဒိယ UPI စနစ်နှင့် ဗီယက်နမ် Fast Payment စနစ်တို့အကြား ချိတ်ဆက်ခြင်းကဲ့သို့သော ဘဏ်များအကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန် ဆုံးဖြတ်ခဲ့ကြောင်းလည်း သိရှိရသည်။

အနောက်အာရှ၊ အမေရိကန်နှင့် ဥရောပရှိ စည်းမျဉ်းစည်းကမ်းဆိုင်ရာ အတားအဆီးများကြောင့် ဈေးကွက်မသေချာမှုများ ကြုံတွေ့နေရသော အိန္ဒိယနိုင်ငံအတွက် လွတ်လပ်သော အာဆီယံကုန်သွယ်ရေးဒေသ (FTA) နိုင်ငံများသို့ ပို့ကုန်များ အမျိုးအစားစုံလင်စွာတင်ပို့နိုင်ရေး ယခု ကုန်သွယ်ရေးပြန်လည်ညှိနှိုင်းမှုသည် အရေးပါသော ညှိနှိုင်းမှုဖြစ်ကြောင်းသိရသည်။

အိန္ဒိယဝန်ကြီးချုပ်ရုံး (PMO)၏ ထုတ်ပြန်ကြေညာချက်များအရ အိန္ဒိယနှင့် ဗီယက်နမ်တို့ အနေဖြင့် အကျိုးစီးပွားရှိသောကဏ္ဍများ၌ ထောက်ပံ့ရေးကွင်းဆက်များကို ခိုင်မာစေရေး သဘောတူခဲ့ကြကြောင်း၊ ဗီယက်နမ်ဘက်မှလည်း ၎င်းတို့၏ ပြည်တွင်းထုတ်လုပ်မှုနှင့် ပို့ကုန် လိုအပ်ချက်များအတွက် အိန္ဒိယနိုင်ငံ၏ ထုတ်ကုန်များကို ပိုမိုတင်သွင်းရန် သဘောတူခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် နှစ်နိုင်ငံ ကုမ္ပဏီများအတွက် စံချိန်စံညွှန်း လိုက်နာမှုဆိုင်ရာ လက်မှတ်ထုတ်ပေးခြင်းအပါအဝင် စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူစေမည့် ပိုမိုကောင်းမွန်သော စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပတ်ဝန်းကျင်ကို ဖော်ဆောင်နိုင်ရေး နည်းလမ်းများကို ရှာဖွေသွားမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံအငြင်းပွားမှုများကို နှစ်နိုင်ငံဆိုင်ရာအဖွဲ့အစည်းများမှ တစ်ဆင့်ဖြေရှင်းနိုင်ရေး အပြုသဘောဆောင်သည့် ဆွေးနွေးမှုများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း သိရှိရသည်။

အိန္ဒိယ-အာဆီယံ ကုန်သွယ်ရေးသဘောတူညီချက် (AITIGA) အဆင့်မြှင့်တင်မှုသည် မြန်မာနိုင်ငံအတွက် အိန္ဒိယဈေးကွက်သို့ ပဲမျိုးစုံ၊ ပြောင်း၊ ဝါဂွမ်း၊ ရော်ဘာနှင့် ကော်ဖီ ကဲ့သို့သော စိုက်ပျိုးရေးကုန်စည်များ ပိုမိုတိုးချဲ့တင်ပို့နိုင်မည့် အခွင့်အလမ်းကောင်း ဖြစ်ပါသည်။ သို့သော် အိန္ဒိယ၏ စံချိန်စံညွှန်းနှင့် စည်းမျဉ်းများ (Compliance) ကို ပြည့်မီရန် ပြင်ဆင်ထားရန် လိုအပ်ပြီး အိန္ဒိယ၏ "Act East Policy" အောက်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် အိန္ဒိယကြား အဓိကကုန်သွယ်ရေးလမ်းကြောင်းအဖြစ် မဟာဗျူဟာမြောက် အသုံးချနိုင်ရန် အရေးကြီးပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဖြူသဲနွယ်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

**အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semiconductor) ထုတ်လုပ်မှုကို တိုးချဲ့ရန်လိုအပ်ကြောင်း ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးအဖွဲ့ SEMI က**

အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် လာမည့်ဆယ်စုနှစ်အတွင်း တစ်ပိုင်းလျှပ်ကူးပစ္စည်းကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရန်နှင့် ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ စိန်ခေါ်မှုများကို လျှော့ချရန်အတွက်

ထုတ်လုပ်ရေးစက်ရုံများ (Semiconductor Fabrication Plants) ပိုမိုတည်ဆောက်ရန် ရည်မှန်းထားသင့်ပါကြောင်း ကမ္ဘာ့ချစ်ပ် (Chip) လုပ်ငန်းစုကြီးဖြစ်သည့် SEMI ၏ အကြီးအကဲက ၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

၂၀၂၉ ခုနှစ်တွင် အာရှတိုက်အတွင်း စက်ရုံအသစ် ၆၄ ခု စတင်လည်ပတ်နိုင်မည်ဟု မျှော်လင့်ထားသော်လည်း ၎င်းတို့အနက် စက်ရုံ ၆ ခုသာ အရှေ့တောင်အာရှဒေသတွင် ရှိနေပြီး ကျန်စက်ရုံအများစုမှာ တရုတ်နှင့် ထိုင်ဝမ်တို့တွင်သာ စုပြုံနေကြောင်း SEMI ၏ အမှုဆောင် အရာရှိချုပ် Ajit Manocha က ပြောကြားခဲ့သည်။

ပထဝီဝင်အနေအထားအရ ကွဲပြားမှုမရှိဘဲ တစ်နေရာတည်းတွင် စုပြုံနေခြင်းသည် ပထဝီနိုင်ငံရေးပြဿနာများနှင့် အခြားအားနည်းချက်များကြောင့် လုပ်ငန်းကဏ္ဍအတွက် စိန်ခေါ်မှုများဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းက ကွာလာလမ်ပူတွင် ပြုလုပ်သည့် စက်မှုဖိုရမ်တစ်ခု၌ ပြောကြားခဲ့သည်။

"၎င်းတို့အနေဖြင့် စိတ်တူကိုယ်တူရှိသော နိုင်ငံများတွင် အချက်အချာကျသည့် ထုတ်လုပ်မှုဗဟိုဌာနများ (Hubs) ပိုပြီး ပေါ်ထွက်လာခြင်းကို တွေ့မြင်ချင်ပါကြောင်း၊ သို့မှသာ အန္တရာယ်ရှိနိုင်တဲ့ အားနည်းချက်တွေကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် အဆိုပါကဏ္ဍတွင် ပါဝင်လာရန် အမှန်တကယ်ကို အရေးကြီးပါကြောင်း" ၎င်းက ထည့်သွင်းပြောကြားခဲ့ပါသည်။

SEMI အဖွဲ့အစည်းသည် Intel နှင့် AMD ကဲ့သို့သော အဓိက ဒီဇိုင်းကုမ္ပဏီများနှင့် ထုတ်လုပ်သူများ အပါအဝင် ကမ္ဘာတစ်ဝှမ်းရှိ အဖွဲ့ဝင်ကုမ္ပဏီပေါင်း ၃,၀၀၀ ခန့်ကို ကိုယ်စားပြုထားပါကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

COVID-19 ကပ်ရောဂါ အပါအဝင် အမေရိကန်-တရုတ် ကုန်သွယ်ရေးတင်းမာမှုများမှ ဖြစ်ပေါ်လာသော ပို့ကုန်ကန့်သတ်ချက်များကြောင့် ကမ္ဘာလုံးဆိုင်ရာ တစ်ပိုင်းလျှပ်ကူးပစ္စည်း ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ရာ ယင်းသည် အဆင့်မြင့်ချစ်ပ် ထုတ်လုပ်မှုကို အာရှဒေသအချို့တွင်သာ စုပြုံထားခြင်း၏ အန္တရာယ်များနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို မြင့်တက်စေခဲ့ပါကြောင်း ပြောကြားခဲ့ပါသည်။

လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

Source: Southeast Asia needs to expand semiconductor production, global trade group SEMI says: The Economic Times: May 05 2026.

......................................................................................................................................

Agribusiness & Trade